ကျေးဇူးတော်ရှင် ကမ္ဘာ့သာသနာပြုအကျော်

တောင်ပုလုတောရ

ကမ္ဘာအေး ဆရာတော်ဘုရားကြီး

၏

နောက်ဆုံးသာသနာပြု ခရီးစဉ်၌

ဟောကြားတော်မူခဲ့သော

# ဒီဃနိကာယ, သီလအဖြာဖြာ

# ဘာဝနာ တရားတော်များ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၁ ကောဇာ ၁၃၄၉ ၁၉၈၇

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကျေးဇူးတော်ရှင် ကမ္ဘာ့သာသနာပြုအကျော်

တောင်ပုလုတောရ

ကမ္ဘာအေး ဆရာတော်ဘုရားကြီး

၏

နောက်ဆုံးသာသနာပြု ခရီးစဉ်၌

ဟောကြားတော်မူခဲ့သော

# ဓမ္မိကထာ, သီလအမြွာမြွာ

# ဘာဝနာ တရားတော်များ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၈ ၁၉၈၆

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ကျေးဇူးရှင် ကမ္မဋ္ဌာနာစရိယ
တောင်ပုလုတောရ ကမ္မဋ္ဌာန်းဆရာတော်ဘုရားကြီးပုံ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဒါနကထာ သီလအဖြာဖြာ
# ဘာဝနာတရားတော်

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ်အတွင်း ကျေးဇူးတော်ရှင် **တောင်ပုလုတောရ** ကမ္မဋ္ဌာနအေးဆရာတော်ဘုရားကြီး၏ နောက်ဆုံးသာသနာပြု ခရီးစဉ်၌ မှာတမ်းထုတ်ဟောကြားတော် မူခဲ့သော—

၁။ ဒါနကထာ

၂။ သီလအဖြာဖြာ

၃။ ဘာဝနာအတန်တန်မှာ—

**ဝေ နေ ယျ** တို့အပေါ် ကြီးမားလှသော မေတ္တာ၊ တို့ဒကာ၊ ဒကာမတွေ ကုသိုလ်များ ကြောက်များကြောက်ကြသလား။ ( မကြောက်ပါဘုရား ) အေး - ကုသိုလ်မကြောက်ကြနဲ့၊ ကုသိုလ်ကြောက်လျှင်တော့ ဆင်းရဲမှာအမှန်ပဲ၊ အဲဒါကြောင့် ကုသိုလ်မကြောက်ကြနဲ့လို့ ဘုရားရှင်က ဟောတော်မူတယ်၊ ဘယ်လိုဟောတော်မူသတုံးဆိုတော့။

မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊ ဣဋ္ဌဿ ကန္တဿ မနာပဿ ပိယဿ သုခဿေတံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်း။ ပုညာနံ၊ ကုသိုလ်ကောင်းမှုတို့ကို။ မာ ဘာယိတ္ထ၊ မကြောက်ကြကုန်လင့်။ ဧတံ၊ ဤကုသိုလ်တရားသည်။ ဣဋ္ဌဿ၊ အလိုရှိအပ်သော။ ကန္တဿ၊ နှစ်သက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အပ်သော။ မနာပဿ၊ နှလုံးကိုပွားစေအပ်သော။ ပိယဿ၊ ချစ်အပ်သော။ သုခဿ၊ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ၏။ အဓိဝစနံ၊ အမည်ပေတည်း။

ကုသိုလ်ဆိုတာ လူဖြစ်တော့လည်း လူကောင်းလူမြတ် လူချမ်းသာ၊ နတ်ဖြစ်တော့လည်း နတ်မြတ်နတ်ကောင်း နတ်ချမ်းသာ၊ အဲသည်လို လူချမ်းသာ နတ်ချမ်းသာမှ နိဗ္ဗာန်ချမ်းသာကို သက်သက်သာသာလေးနဲ့ သွားရအောင် ကုသိုလ်ကို မကြောက်ကြနဲ့လို့ ဘုရားရှင်က မှာတော်မူတယ်။ ဘယ်ကုသိုလ်တုံး၊ ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်ခယ်လို့ သုံးမျိုးသုံးစား သုံးပါးအပြားရှိတယ်။ ထိုသုံးမျိုးသုံးစား သုံးပါးအပြားရှိသည်တို့တွင် တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်သွားပုံ ဒါနကုသိုလ်ထက် သီလကုသိုလ်က မြတ်တယ်၊ အကျိုးများတယ်၊ အားကောင်းတယ်၊ အားကြီးတယ်။ သီလကုသိုလ်ထက် ဘာဝနာကုသိုလ်က မြတ်တယ်၊ အကျိုးများတယ်၊ အားကောင်းတယ်၊ အားကြီးတယ်။ သည်လို တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်သွားပုံ။

တို့ဗုဒ္ဓဘာသာတွေမှာ ဒါနကတော့ များပါတယ်၊ သီလကျတော့ နည်းမသွားဘူးလား၊ (နည်းသွားပါတယ်ဘုရား။) ဘာဝနာကျတော့ မရှိသလောက်ဖြစ်နေ။ အမြတ်ဆုံးဟာကျန်မနေဘူးလား (ကျန်ပါတယ်ဘုရား။) ဒီလိုသိတဲ့ဘဝရခဲလှန်းလို့ ရလာတဲ့အခါမှာ ကုသိုလ်ကို စုံအောင်ယူကြဖို့၊ ရှေ့ဖြစ်ရဦးမယ့်ဘဝတွေက မရေတွက်နိုင်သေးဘူး၊ ဖြစ်သော်ဆင်းရဲမှာစိုးလို့ ကုသိုလ်ကို မကြောက်ကြနဲ့လို့ ဆုံးမတော်မူတယ်။ ဘယ်လိုဆုံးမတော်မူတုံးဆိုတော့ ဘုရား၏ အဆုံးမ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တော်များ ဘယ်လောက်များ လိုက်နာကျင့်ကြံစရာ ကောင်း တုံးဆိုတော့ (ဒါနကုသိုလ်)လည်း ကိုယ်စားသောက်ပြီးခွက်ကို ဆေးကြော၍ သွန်လိုက်တဲ့အခါ ဒါလေးနဲ့ မျပါစေ စားပါ သောက်ပါစေလို့ ကိုယ်စိတ်ကထားမိပြီးတော့ သွန်လိုက်ပက် လိုက်တယ်၊ သတ္တဝါလေးတစ်ကောင် တစ်ကောင်ကို ဘဝ တစ်ရာတစ်ရာကောင်းကျိုးပေးတယ်၊ အဲဒီတော့ ကိုယ်စား သောက်ပြီး နောက်ဆုံးထမင်းလုတ်ကလေးကို ထက်ဝက်ဖြစ် စေ သုံးပုံတစ်ပုံဖြစ်စေ ချန်မိပြီးတော့ သွန်လိုက်ပက်လိုက်မယ် ဆိုလျှင်သာ၍မကောင်းပေဘူးလား(ကောင်းပါတယ်ဘုရား)။

ကြိုးစားကြစမ်းပါ၊ လူဆိုလျှင် သီလမရှိတဲ့သူတစ်ယောက် ကို တစ်ခါကျွေးလျှင် ဘဝတစ်ထောင် ကောင်းကျိုးပေးတယ်၊ သီလရှိတဲ့သူတစ်ယောက် တစ်ခါကျွေးလျှင် ဘဝတစ်သိန်း ကောင်းကျိုးပေးတယ်၊ သီလမရှိတဲ့သူနဲ့ သီလရှိတဲ့သူ ဘယ် လောက်များ ကွာခြားနေတုံးဆိုတော့ သီလများရှိစရာ မကောင်းကြပေဘူးလား။ (ကောင်းပါတယ်ဘုရား)။ ခုနက သရဏဂုံတည်တဲ့သူတစ်ယောက် တစ်ခါကျွေးလျှင် ဘဝပေါင်း အသင်္ချေအကျိုးပေးတယ်၊ ရဟန်းသံဃာဆိုလျှင် ဆိုဖွယ်ရာ မရှိဘူး၊ အသင်္ချေထက် အသင်္ချေပဲ၊ ဒါနကလည်း သည် လောက်ပဲ အကျိုးများတယ်၊ အဲဒါကြောင့် ဒါနကို ကိုယ် တတ်နိုင်သလောက် ကြိုးစားကြဖို့၊သာသနာတော်နဲ့ဆိုတာလဲ အင်မတန် ကြုံရခဲတယ်။ သာသနာပအခါမှာ ထမင်းရေ ချောင်းစီးအောင် လှူသော်လည်း သာသနာအတွင်းမှာ ဆွမ်းတစ်ဇွန်း လောင်းရသလောက် အကျိုးမများဘူး၊ တို့ဒကာ, ဒကာမတွေက ကုန်မှခန်းမှ ကုသိုလ်ကိုအတုံးအခဲ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အလုံးအရင်းကြီးရတယ်လို့ ထင်မှတ်တာ၊ မကုန်လျှင် အားကို မရဘူး။ (ဒါန၏အကျိုး)

ဒါနကထာ ဒက္ခိဏာဝိဘင်္ဂသုတ် (နှာ-၂၉၀)

မကုန်တဲ့ကုသိုလ်က သာရပုံ (ရှစ်ပါးသီလ၏အကျိုး)

ဤကဲ့သို့ ဟောတော်မူခဲ့ပါသည်။

မင်းတို့ ကုသိုလ်မကြောက်ကြနဲ့၊ ရှစ်ရက်သီတင်း(လပြည့် လကွယ် ) အမြဲဥပုသ်စောင့်ရမယ်၊ ရှစ်ပါးသီလစောင့်တဲ့ အကျိုးကိုသိလျှင် မင်းတို့အမြဲတမ်း ဥပုသ်စောင့်ချင်နေလိမ့် မယ်၊ ရှစ်ပါးသီလစောင့်ခြင်းအကျိုးဟာ သေသည်၏အခြားမဲ့ နတ်ပြည်ကို ရောက်ရလိမ့်မယ်၊ နတ်ပြည်မရောက်လို့ လူ့ပြည် မှာဆိုလျှင် သူတကာထက် ထူးချွန်လွန်ကဲတဲ့အကြောင်း–

ရှေးတုန်းက ဒွန်းစဏ္ဍားရွာကြီးတစ်ရွာရှိတယ်၊ အဲဒီ ဒွန်း စဏ္ဍားရွာကြီးမှာ ဒွန်းစဏ္ဍားလူကြီးတစ်ယောက်က သား၊ဒွန်း စဏ္ဍားလူကြီးတစ်ယောက်က သမီး၊သားက “တိဿ”တဲ့၊သမီး “ဒေဝီ”တဲ့။ သူတို့နှစ်ယောက်ဟာ စိတ်ချင်း သဘောချင်း အလွန်တူကြသတဲ့၊ တစ်ယောက်အလိုကို တစ်ယောက်မဖျက် ဆီးဘူးတဲ့။ သူတို့ဟာ ရှစ်ရက်သီတင်း လပြည့် လကွယ် အမြဲ တမ်း ဥပုသ်စောင့်ကြတယ်၊ အမြဲတမ်း အဲသည်လို ရှစ်ပါး သီလစောင့်တဲ့အတွက် သေသည်၏အခြားမဲ့၌ နတ်ပြည် သွားရမှာ၊နတ်ပြည်မသွားဘဲနဲ့ လူ့ပြည်မှာ တိဿက ရှင်ဘုရင့် သား လာဖြစ်တယ်၊ ဒေဝီကလည်း ရှင်ဘုရင့်သမီး ဖြစ်ရမှာ ရှင်ဘုရင့်သမီးမဖြစ်ဘူး၊ သူ့အမေကို ပြန်လှန်ပြောသည့်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အတွက် ဒွန်းစဏ္ဍားမဘဲဖြစ်ရတယ်။ ဘယ်လို ပြန်လှန်ပြော သလဲဆိုတော့ သူ့အမေက ယာဂုကြိုတော့ အမေမရှိခိုက် ယာဂုတွေခပ်သောက်တော့ အစက်အလက်တွေ ကျတာမြင် တော့ သူ့အမေက "ဒွန်းစဏ္ဍားမ လုပ်လိုက်ပလားဆို သည်လို ချည်းဘဲ"၊ "အမေသာ ဒွန်းစဏ္ဍားမ၊ငါဒွန်းစဏ္ဍားမ မဟုတ် ဘူး" သည်သို့ အမေကို ပြန်လှန် ပြောသည့်အတွက် ဒွန်း စဏ္ဍားမဘဲ ဖြစ်ရတယ်၊ အလှကတော့ လူ့ပြည်မှာ အတုမရှိ ဘူး၊ သူ့လောက်လှတာကိုမရှိဘူး၊ အဲသည်လို လူ့ပြည်မှာ ကျော်ကြားနေတယ်။

တစ်နေ့သ၌ တိဿမင်းသားက နောက်လိုက် နောက်ပါ အခြံအရံနဲ့ ဥယျာဉ်တော်ထွက်လာတဲ့အခါမှာ အပေါ်မော့ ကြည့်လိုက်တော့ ဒေဝီက ပန်းပင်ပေါ်မှာ ပန်းခူးနေတာမြင် တော့ အထက်က တပြောင်ပြောင် တလက်လက်နဲ့ နတ်လား နဂါးလား ဂုမ္ဘာန်လား ယက္ခလားမေးတော့ နတ်လည်း မဟုတ်ပါဘူး နဂါးလည်းမဟုတ်ပါဘူး ဂုမ္ဘာန်လည်းမဟုတ်ပါ ဘူး ယက္ခလည်းမဟုတ်ပါဘူး လူပါ၊ လူဆိုလျှင် သင့်မှာအမေ အဖေရှိလား၊ ရှိပါတယ်၊ အရှင်ကော ရှိလား၊ မရှိပါဘူး၊အရှင် မရှိလျှင် လာအောက်ဆင်းခဲ့ဆိုပြီး ရထားပေါ်တင်သွားတာ ပေါ့၊ အဲဒီ သတင်းကို မင်းကြီးကြားတော့ "ငါ့သားနှယ် ဖြစ်မှ ဖြစ်ရလေ၊ ဒွန်းစဏ္ဍားမများ ယူရသလား၊ ငါ့သား နှယ် တယ်မိုက်ပါလား၊ ငါ့မှာတော့ အမျိုးတူ မင်းမျိုးချင်း စေ့စပ်ထားတာ၊ ငါ့သားနှယ် မိုက်လိုက်လေ"။

သည်လိုနဲ့နေတော့ ဒေဝီကလည်း အင်မတန် လှတဲ့ အကြောင်း သတင်းကောင်း ကျော်ကြားနေတာကို မင်းကြီး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

က ကြားတော့ နန်းတွင်းသူမ တစ်ယောက်ကို သွားကြည့် ခိုင်းတာပေါ့။ သွားကြည့်တော့ မင်းသားက ပြက်ရယ်ပြု တယ်။ သင်တို့ နန်းတွင်းသူတွေဟာ ဘာမှန်းမှ မသိဘူး၊ သလဲသီးကို ဖရဲသီးထင်ကြတယ်။ သည်လိုနဲ့ ပြန်သွားပြီး လျှောက်တဲ့အကြောင်းကို သံတော်ဦးတင်တော့ မင်းကြီးက မယုံ သေးဘူး။ ပုဏ္ဏားတွေကို ကြည့်ခိုင်းပြန်တာပေါ့၊ ပုဏ္ဏားတွေ ကလဲ "မှန်လှပါမင်းကြီး လူ့ပြည်မှာ သည်လောက်လှတာ ကို မရှိဘူး၊ အင်မတန် လှပတင့်တယ်ပါတယ်၊ အပြစ်ခြောက် ပါး ကင်းစင်ပြီး ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံပါတယ်။ အင် မတန် ရှုချင်စဖွယ်ကောင်းပါတယ်"လို့ သံတော်ဦးတင်တော့ မင်းကြီးက မယုံသေးဘူး။ ငါကိုယ်တိုင် သွားကြည့်မယ် ဆိုပြီး သွားကြည့်တာပေါ့၊ သွားကြည့်တော့ ဒေဝီဆိုတာ နင်လား၊ ဟုတ်ပါတယ်၊ ဟ ဒီလိုဆို ငါပြောမိတာ မှားပြီ၊ ငါ့ကို ခွင့်လွှတ်ပါ၊ ဒီနေ့ကစပြီး ငါ့သားနဲ့ ငါ့သမီးဘဲ၊ ငါ့သား နဲ့ ငါ့သမီးကို အရွှေတံခါးဝမှာ ကြီးစွာသော ပြာသာဒ်ကြီး ဆောက်ပေးရမယ်၊ အဲဒီလို ဆောက်ပေးတော့ သူတို့ နေ ကြတာပေါ့၊ အရှေ့ပြင်ကလည်း မင်းကြီးကို လှည်း ပေါင်းများစွာနဲ့ လက်ဆောင်ပဏ္ဏာ လာဆက်သတဲ့အခါ နွား တွေက နန်းတော်ကို မောင်းလို့မရဘူး။ သူတို့ရှိရာ ဆွဲသွား တာပေါ့။ ဒါနဲ့ မင်းသားက မေးတော့ မှန်လှပါ အကျွန်ုပ်တို့ အရှေ့ပြင်က မင်းကြီးကို လှည်းပေါင်းများစွာနဲ့ လက်ဆောင် ပဏ္ဏာလာဆက်သတာ နွားတွေက နန်းတော်ကို မောင်းလို့ မရဘူး။ သည်ချည့် ဆွဲသွားတယ်။ သည်လိုဆို ငါတို့နဲ့ထိုက် လို့ဘဲ၊ အကုန်ချဆိုပြီးတော့ သံဃာတွေလှူ။ အကြွင်းအကျန် ကို သူတို့စားပြီး သည်လိုနဲ့နေတာပေါ့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒီ သတင်းကို မင်းကြီးက ကြားတော့ ဒီလိုဆို တောင်တံခါးမှာလည်း ကြီးစွာသော ပြာသာဒ်ကြီး ဆောက်ပေးရမယ်ဆိုတော့ ဒီလိုဘဲ ဆောက်ပေးတာပေါ့။ ဆောက်ပေးတော့ တောင်ပြင်ကလည်း ဤကဲ့သို့ဘဲ မင်းကြီးကို လှည်းပေါင်းများစွာနဲ့ လက်ဆောင်ပဏ္ဏာလာဆက်သတဲ့အခါ နွားတွေက နန်းတော်ကို မောင်းလို့ မရဘူး၊ သူတို့ရှိရာကိုဘဲ ဆွဲသွားတာပေါ့၊ ဒါနဲ့ မင်းသားက မေးပြန်တယ်၊ မှန်လှပါ ကျွန်ုပ်တို့ တောင်ပြင်က မင်းကြီးကို လှည်းပေါင်းများစွာနဲ့ လက်ဆောင်ပဏ္ဏာဆက်သတာ နွားတွေက နန်းတော်ကို မောင်းလို့ မရဘူး၊ သည်ချည့်ဘဲဆွဲသွားတယ်၊ သည်လိုဆိုငါတို့နဲ့ထိုက်လို့ဘဲ အကုန်ချ၊ သည်လိုဘဲ သံဃာတွေကို အကုန်လှူ၊ အကြွင်းအကျန် သူတို့ စားပြီး သည်လိုနဲ့ နေကြပြန်တာပေါ့။

မင်းကြီးက ကြားပြန်တော့ ဒီလိုဆို အနောက်တံခါးဝမှာလည်း ဤကဲ့သို့ ဆောက်ပေးရမယ်၊ ဆောက်ပေးတာပေါ့၊ သည်လိုဘဲ အနောက်ပြင်ကလည်း မင်းကြီးကို လှည်းပေါင်းများစွာနဲ့ လက်ဆောင်ပဏ္ဏာ လာဆက်သတဲ့အခါ နွားတွေက နန်းတော်ကို မောင်းလို့မရဘူး၊ သူတို့ရှိရာဘဲဆွဲသွားပြန်တယ်။ မင်းသားက မေးပြန်တာပေါ့၊ အမောင်တို့ ဘာတွေ့လဲ။ မှန်လှပါ၊ အကျွန်ုပ်တို့ အနောက်ပြင်က မင်းကြီးကို လှည်းပေါင်းများစွာနဲ့ လက်ဆောင်ပဏ္ဏာလာဆက်သတာ နွားတွေက နန်းတော်ကို မောင်းလို့မရဘူး၊ သည်ချည့်ဘဲဆွဲသွားတယ်၊ ဒီလိုဆို ငါတို့နဲ့ ထိုက်လို့ဘဲ အကုန်ချဆိုပြီး သံဃာတွေအကုန်လှူ၊ အကြွင်းအကျန်သူတို့စားပေါ့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒါနဲ့ မင်းကြီးက ကြားပြန်တော့ မြောက်တံခါးဝမှာလည်း ဤကဲ့သို့ ကြီးစွာသော ပြာသာဒ်ကြီး ဆောက်ပေးရမယ် ဆိုတော့ ဆောက်ပေးတာပေါ့။ ဒီလိုဘဲ မြောက်ပြင်ကလည်း မင်းကြီးကို လှည်းပေါင်းများစွာနဲ့ လက်ဆောင်ပဏ္ဏာလာ ဆက်သတဲ့အခါ နွားတွေက နန်းတော်ကိုမောင်းလို့မရဘူး၊ သူတို့ရှိရာဆွဲသွားပြန်တာပေါ့၊ မင်းသားကို မေးပြန်တယ်၊ အမောင်တို့ဘာတွေလဲ၊ မှန်လှပါ အကျွန်ုပ်တို့ မြောက်ပြင်က မင်းကြီးကို လှည်းပေါင်းများစွာနဲ့ လက်ဆောင်ပဏ္ဏာလာ ဆက်သတာ နွားတွေက နန်းတော်ကို မောင်းလို့မရဘူး၊ သည်ဘဲ ဆွဲသွားတယ်၊ ဒါဆိုငါတို့နဲ့ထိုက်လို့ဘဲ အကုန်ချ သံဃာလှူ အကြွင်းအကျန်သူတို့စားပြီးနေတော့ မင်းကြီးက ကြားတော့ ဒီလိုဆို ငါ့သားက ငါ့ထက်တောင်ဘုန်းကြီးနေပါ လားဆိုပြီး မင်းကြီးကသည်လိုဘဲနေတော့–

တစ်နေ့သ၌ တိဿနဲ့ဒေဝီ ထမင်းပါစားသောက်ပြီးတဲ့အခါ အာလာပသလ္လာပစကားများပြောနေရင်းတိဿက ဒေဝီ သင် ငါ့ဘုန်းငါ့ကံ သင်သိရဲ့လား၊ သိပါတယ်၊ သူ့ဘုန်းသူ့ကံလည်း ပါပါတယ်၊ ဟောဒီလို ရောနှောနေတဲ့ ဘုန်းကို ငါအလိုမရှိဘူး၊ သင့်ဘုန်းသင့်ကံ သက်သက်ကိုသာ ငါ သိချင်တယ်၊သည်လိုဆို သူ့ကို တစ်ညခွင့်ပေးပါ၊ ခွင့်ပေးမယ်၊ဒီလိုနဲ့ကောင်းစွာ တရား နှလုံးသွင်းပြီးနေလိုက်တာ နံနက်မိုးလင်းခါနီးတော့ နတ်က ဃာဂုအိုးလာဆက်သတာပေါ့။ လာဆက်သတော့ ဒေဝီက မင်းသားထံ ယူသွားတာပေါ့။ ယူသွားတော့ မင်းသားက များလှချည့်လားလို့ပြက်ရယ်ပြုတယ်၊ ပြက်ရယ်မပြုပါနဲ့ ဒေဝီ က သူ့ယာဂုကို သောက်ရမယ်လို့ စည်လှည့်ပေးပါ၊ ဒါနဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**မင်းသားက** "**အသောကမာလာဒေဝီရဲ့ ယာဂုကို** လာ **သောက်ရမယ်**"လို့ တိုင်းပြည်ကို စည်လှည့်ပေးတဲ့အခါကျ **တော့** လာကြ**တာ**ပေါ့။ လာတဲ့သူအပေါင်းဟာ အန္ဓ အဒ္ဓ **အကျိုးအပဲ့အကန်း** သည်လို လူချင်းမတူသူချင်း မတူသူတွေ ချည့်လာကြတာပေါ့။ ယာဂုကို တစ်ယောက်သောက်သွား **ပျောက် တစ်ယောက်သောက်သွား** ပျောက်နဲ့ လာသောက်တဲ့ သူဟူဟူသမျှဟာ အကုန်လုံး အကောင်းတွေချည့်ဖြစ်ကုန် **တာ**ပေါ့။ အဲဒါ ဘာကြောင့်တုံးဆိုတော့ ရှင်ပါးသီလစောင့်တဲ့ **အကျိုး**ဘဲ၊ ဒါကြောင့် တို့ဒကာ-ဒကာမတွေ ရှစ်ရက်သီတင်း **လ**ပြည့်လကွယ် အမြဲ ဥပုသ်စောင့်ကြဖို့။ (ရှစ်ပါးသီလ **အကျိုး**။)

မဟာဝင် သာလိကုမာရဝတ္ထု (နှာ၃၁၀-နှာ ၃၁၁)

ဘာဝနာကျတော့ တစ်ခဏလေး ပွားများအားထုတ် လို့ ရှိလျှင် **အသက်**တစ်ရာနေရတာထက် မြတ်တယ်၊ ပျင်းအောင် **မ**ဟုတ်ပါဘူး၊ ကစ်ခဏလေးပါ။ ခဏလေး နေလိုက်ပါဦး၊ ခဏလေး ဆိုင်းလိုက်ပါဦးဆိုတဲ့ စကားအရ အသုံးအနှုန်း အင်မတန်များ[illegible]တယ်၊ အဲသည်ခဏကလေးဟာ ဘယ် ခလောက် ကြာတုံးလို့မျှားမေးလျှင် ဖြေတတ်[illegible]ပါမလား၊ (မဖြေတတ်ပါဘုရား။) ခဏော ဒဿစ္ဆရကာလော၊ ဒဿစ္ဆ ရကာလော၊ လက်ဖျစ်ဆယ်တွက်ရှိသော ကာလသည်။ ခဏော၊ ခဏမည်၏။ လက်ဖျစ်ဆယ်တွက်ကြာတယ်လို့ သည် လိုဖြေရမှာ၊ အဲဒီလက်ဖျစ်ဆယ်တွက် တစ်ခဏ အားထုတ်လို့ ရှိလျှင်၊ အသက်တစ်ရာနေရတဲ့သူထက် မြတ်ပြီ၊ ဆယ်ခဏ ဆိုလျှင် အသက်တစ်ထောင်နေရတဲ့သူထက်မြတ်ပြီ၊ အဲဒီဆယ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခဏဆိုတာ နာရီနဲ့ တစ်မိနစ်ခန့်ဘဲ၊ တစ်မိနစ်အားထုတ်လို့ ရှိလျှင် အသက်တစ်ထောင် နေရတဲ့သူထက်မြတ်ပြီ၊ အဲဒါကြောင့် နေ့စဉ်နေ့တိုင်း မိသားစုဝတ်ထားပြီးတော့ အိပ်ယာဝင်ခါနီး ငါးမိနစ် ငါးမိနစ်လောက် ကြိုးစားအားထုတ်မယ် ဆိုလျှင် မဖြစ်နိုင်ကြဘူးလား။ ( ဖြစ်နိုင်ပါတယ်ဘုရား။ ) ငါးမိနစ်လောက်ဆိုလျှင် အသက်ငါးထောင် နေရတဲ့သူထက် မြတ်ပြီ။

ကြိုးစားကြစမ်းပါ၊ ကိုယ့်စိတ်ကို သိပ်အလိုမလိုက်ကြပါနဲ့၊ စိတ်ကိုအလိုလိုက်တာလောက် ပျက်စီးတာမရှိဘူး၊ကိုယ့်စိတ်ကို ခပ်တင်းတင်းကလေးထားပြီး ကြိုးစားအားထုတ်မယ် ဆိုလျှင် မဖြစ်နိုင်ကြဘူးလား။ ( ဖြစ်နိုင်ပါတယ်ဘုရား ) ကြိုးစားကြစမ်းပါ။

## ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော အမြတ်ဆုံးတရားနှင့် အမြင့်ဆုံးအကျင့်

နေညတြဲ ဗောဇ္ဈာ တပသာ၊
သောတ္ထိ ပဿာမိ ပါဏိနံ။

ဗောဇ္ဈာ၊ ဗောဇ္ဈင်တရား(၇)ပါးကို။ အညတြ၊ ကြဉ်၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ၊ ချမ်းသာရာ ချမ်းသာကြောင်း ချမ်းသာခွင့်ကို။ အဟံ၊ ငါဘုရားသည်။ န ပဿာမိ၊ ပညာမျက်စိဖြင့် ကြည့်ရှုလို့မမြင်။

တပသာ၊ ဓုတင်အကျင့်ကို။ အညတြ၊ ကြဉ်၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ၊ ချမ်းသာရာ ချမ်းသာကြောင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ချမ်းသာခွင့်ကို။ အဟံ၊ ငါဘုရားသည်။ န ပဿာမိ၊ ပညာ မျက်စိ မ်သာ နှစ်ဝသောစက္ခုဖြင့် ကြည့်ရှုလို့မမြင်။

( ရဟန်းနှစ်ပါးက ဘုရားကို လျှောက်ပုံ) (ဒုပ္ပညသုတ္တ) ဒုပ္ပညော ဋ္ဌေမူဂေါ ဒုပ္ပညော ဋ္ဌေမူဂေါတိ ဘန္တေ ဝုစ္စတိ ကိတ္တာဝတာ နု ခေါ ဘန္တေ ဒုပ္ပညော ဋ္ဌေမူဂေါတိ ဝုစ္စတီတိ။

(ဘုရားကဖြေပုံ။) ။သတ္တန္နံ ခေါ ဘိက္ခု ဗောဇ္ဈင်္ဂါနံ အဘာဝိတတ္တာ အဗဟုလီကတတ္တာ ဒုပ္ပညော ဋ္ဌေမူဂေါတိ ဝုစ္စတိ။ (ဒလိဒ္ဒသုတ္တ)

(တစ်ခါပြန် လျှောက်ပြန်တယ်)။ ။ဒလိဒ္ဒေါ ဒလိဒ္ဒေါတိ ဘန္တေ ဝုစ္စတိ ကိတ္တာဝတာ နု ခေါ ဘန္တေ ဒလိဒ္ဒေါ တိ ဝုစ္စတီတိ။

(ဘုရားကပြန်ဖြေပုံ)။ ။သတ္တန္နံ ခေါ ဘိက္ခု ဗောဇ္ဈင်္ဂါနံ အဘာဝိတတ္တာ အဗဟုလီကတတ္တာ ဒလိဒ္ဒေါတိ- ဝုစ္စတိ။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်)

အဓိပ္ပာယ်—လူဖျင်းလူအ လူ့ပညာမဲ့ လူဆင်းရဲလူမွဲဆိုတာ ဘယ်လို အနေအစားမျိုးကို ခေါ်တာတုံးလို့ သည်လိုမေး လျှောက်တာ၊ ဗောဇ္ဈင်တရား(၇)ပါးမှ မပွားလို့ရှိလျှင် လူဖျင်း လူအ လူ့ပညာမဲ့ လူဆင်းရဲ လူမွဲဘဲ၊ လူဖျင်း လူအ လူ့ပညာ မဲ့ လူဆင်းရဲ လူမွဲအဖြစ်ဘော့ အဖြစ်မခံနိုင်ကြဘူးမဟုတ်လား။ (မခံနိုင်ပါဘုရား။) မခံနိုင်လျှင်တော့ အားထုတ်ရမှာဘဲ။

မေဇ္ဈင်တရား(၇)ပါးဆိုတာ–

၁။ သတိသမ္ဗောဇ္ဈင်ဆိုတာ မမေ့တာကိုခေါ်တယ်။
၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာ သိတာကိုခေါ်တယ်။
၃။ ဝီရိယသမ္ဗောဇ္ဈင်ဆိုတာ အားထုတ်တာကိုခေါ်တယ်။ အားထုတ်တယ်ဆိုတာကလည်း သည်တရားသုံးပါးက ရနေပြီ။
၄။ ပီတိသမ္ဗောဇ္ဈင် ဆိုတာ တရားကိုနှစ်သက်တာခေါ်တယ်။
၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဆိုတာ ကိုယ်စိတ်ငြိမ်းချမ်းတာခေါ်တယ်။
၆။ သမာဓိသမ္ဗောဇ္ဈင်ဆိုတာ သမာဓိ အားကောင်းတာကို ခေါ်တယ်။
၇။ ဥပေက္ခာသမ္ဗောဇ္ဈင်ဆိုတာ ချစ်ခြင်း, မုန်းခြင်း, တွေဝေခြင်းကင်းတာကိုဥပေက္ခာသမ္ဗောဇ္ဈင်လို့ခေါ်တယ်။

သည်ဗောဇ္ဈင်တရား (၇) ပါးမှ မပွားလို့ရှိလျှင် လူဖျင်းလူအလူ့ပညာမဲ့ လူဆင်းရဲ လူမွဲဘဲ၊ အဲသည်လိုအဖြစ်မခံနိုင်ကြဘူးမဟုတ်လား (မခံနိုင်ပါဘုရား။)မခံနိုင်လျှင်တော့ အားထုတ်ရမှာဘဲ။

## အားထုတ်ပုံအားထုတ်နည်း

စိတ္တာနုပဿနာကို ဟောမယ်။ စိတ္တာနုပဿနာကိုဘုရားရှင်က ဘယ်လိုဟောတော်မူသတုံးဆိုတော့–

ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝီတဒေါသံ ဝါ စိတ္တံ ဝီတဒေါသံ စိတ္တန္တိ ပဇာနာတိ၊ ဝီတမောဟံ ဝါ စိတ္တံ ဝီတမောဟံ စိတ္တန္တိ ပဇာနာတိ—

လို့ဘုရားရှင်က သည်လို ဟောတော်မူတယ်၊ အင်ပွယ်က ဝီတဆိုတာ ကင်းတာ၊ ရာဂကတော့ ရာဂဘဲ၊ အဲဒါကြောင့် ရာဂကင်းတယ်။ ဝီတဆိုတာ ဒေါသကတော့ ဒေါသဘဲ၊ ဒေါသ ကင်းတယ်။ ဝီတဆိုတာကင်းတာမောဟကတော့ မောဟဘဲ၊ မောဟကင်းတယ်။

အဲဒါကြောင့် ရာဂကင်းတယ်၊ ဒေါသကင်းတယ်၊မောဟ ကင်းတယ်၊ ရာဂကင်းတယ်၊ ဒေါသကင်းတယ်၊ မောဟကင်း တယ်၊ထွက်သက်ဝင်သက်ကလေးနဲ့ တွဲမိပြီးတော့ထွက်တဲ့အခါ ရာဂကင်းတယ် ဝင်တဲ့အခါ ဒေါသကင်းတယ်။ နောက်ထွက်တဲ့ အခါ မောဟကင်းတယ်၊' ရာဂ, ဒေါသ, မောဟ(ပယ်စဉ်းလေး) ရာဂသာ ပဟာနာယ အသုဘာ ဘာဝေတဗ္ဗာ-ရာဂမဖြစ် အောင် အသုဘကိုပွားတဲ့။ ဒေါသဿ ပဟာနာယ မေတ္တာ ဘာဝေတဗ္ဗာ-ဒေါသမဖြစ်အောင်မေတ္တာကိုပွား။ မောဟဿ ပဟာနာယ ပညာ ဘာဝေတဗ္ဗာ-မောဟမဖြစ်အောင် ပညာကို ပွားတဲ့၊ ယခုဟာ မောဟကို ပယ်ပြီး ပညာကိုပွားနေတာ။ ပညာပဋိဘာဂဝိတံ စိတ္တံ သမမေဝ အာသဝေဟိ ဝိမုစ္စတိ-ပညာ ပဋိဘာဂဝိတံ စိတ္တံ၊ပညာဖြင့်ပွားများလေ့လာ ကြိမ်ဖန်များစွာ ထုံအပ်သော။ စိတ္တံ၊စိတ်သည်။သမမေဝ၊ကောင်းစွာသာလျှင်။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ဝိမုစ္စတိ။လွတ်မြောက်၏။

သည်တရားကို အားထုတ်တဲ့သူဟာ ကောင်းစွာ အာသ ဝေါတရားတို့မှ ကျွတ်သွားလွတ်သွားမယ်တဲ့။ အဲဒါကြောင့်

ရာဂကင်းတယ်၊ ဒေါသကင်းတယ်၊ မောဟကင်းတယ်၊ မဟာ စည်နည်းနဲ့လဲ-အားထုတ်လို့ရတာဘဲ၊ ဖောင်းတဲ့အခါ ရာဂ ကင်းတယ်၊ ပိန်တဲ့အခါ ဒေါသကင်းတယ်၊ နောက်ဖောင်းတဲ့ အခါ မောဟကင်းတယ်။ ခြေလှမ်းနဲ့လည်း အားထုတ်လို့ ရတာဘဲ၊ ဘယ်လှမ်းတဲ့အခါ ရာဂကင်းတယ်၊ ညာလှမ်းတဲ့ အခါ ဒေါသကင်းတယ်၊ နောက်ဘယ်လှမ်းတဲ့အခါ မောဟ ကင်းတယ်၊ အဲသည်လိုအသိအမှတ်နဲ့မျှားသွားလို့ ရှိလျှင် ခြေ တစ်လှမ်းတစ်လှမ်းကို ကုဋေတစ်သန်း တစ်သန်း တန်တယ် ဆိုတာ ကြားဖူးကြရဲ့ မဟုတ်လား။ ( ကြားဖူးပါတယ် ဘုရား ) ဘာ့ကြောင့် တန်တာတုံး၊ အဲဒါ နိဗ္ဗာန်သွားတဲ့ ခြေလှမ်းမို့ တန်တာ။ အားလုံးယခုလူတွေ တစ်သွားတည်း သွားနေတာ သုသာန်ရောက်မှ နားမှာဘဲ မဟုတ်လား၊ သုသာန်သွားတဲ့ ခြေလှမ်းကတော့ တစ်ပြားမှမတန်ဘူး။

အဲဒါကြောင့် ခြေလှမ်းတစ်လှမ်းတလေမျှား အမှတ်နဲ့ သွားဖို့မကောင်းကြပေဘူးလား။ (ကောင်းပါတယ်ဘုရား) အေး-ကိုယ်တတ်နိုင်သလောက် ကြိုးစားအားထုတ်ကြဖို့ တို့ ဒကာ ဒကာမတွေ ကုသိုလ်မျှား ကြောက်မျှားကြောက်ကြ သလား။ (မကြောက်ပါဘုရား) အေး – ကုသိုလ်ကိုမကြောက် ကြနဲ့။ ကုသိုလ်ကြောက်လျှင်တော့ ဆင်းရဲမှာအမှန်ဘဲ။ ကုသိုလ်ကိုမကြောက်ရဘူး၊ကုသိုလ်ဟာ မျှားလေကောင်းလေ ဆိုတာ သဘောပေါက်ကြဖို့ ကုသိုလ်မျှားလေ အကုသိုလ် ပါးလေ၊ အကုသိုလ်ပါးလေ ချမ်းသာလေ၊ ချမ်းသာလေ မဂ်ဖိုလ်နိဗ္ဗာန်နဲ့နီးလေ။ အဲဒါကြောင့် ကုသိုလ်ကိုမျှားမျှား ရအောင်ယူကြဖို့ ယခုပြောတာ အားလုံးသဘောပေါက်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နားသည်ကြပြီမဟုတ်လား။ (နားလည်ပါပြီဘုရား) အဲဒါက ထုတ်ပုံထုတ်နည်း။

ထိုင်ပုံထိုင်နည်းကတော့ ဘယ်ဘက်လက်ကိုအောက်ထား၊ ညာဘက်လက်ကို အထက်ကထား၊ ကိုယ်ကိုဖြောင့်ဖြောင့် မတ်မတ်ထားမျက်စိကိုမှိတ်၊စိတ်ကိုတခြားမသွားစေဘဲထွက်တဲ့ အခါရောဂကင်းတယ်၊ ဝင်တဲ့အခါ ဒေါသကင်းတယ်။ နောက် ထွက်တဲ့အခါ မောဟကင်းတယ်။ ထွက်တိုင်းဝင်တိုင်း ရာဂ ကင်းတယ်၊ ဒေါသကင်းတယ်၊ မောဟကင်းတယ်လို့ ငါးမိနစ် လောက် ပွားများအားထုတ်ကြပါ။

## နာမ်နှင့်ရုပ်

နာမ်နဲ့ရုပ်ကို ဟောဦးမယ်။ ပရမတ္ထတရားလေးပါး ဆိုတာ စာမသင်ဖူးသော်လည်း လူတိုင်းမှတ်နိုင်တယ်၊ လေးပါးတည်း ရယ်။ စိတ်စေတသိက် ရုပ် နိဗ္ဗာန်–ပရမတ္ထတရားလေးပါး၊ စိတ်စေတသိက် အသက် သူတို့ချင်းဟာ မကွေမကွာ အတူတူဘဲ။ စိတ်စေတသိက်တို့သည် အာရုံရှိရာသို့ အင်မတန် ညွတ်တတ် ကိုင်းတတ် ရှိုင်းတတ်လို့ သူ့ကို နာမ်လို့ ဘုရားရှင်က ဟောတော်မူတယ်။ ရုပ္ပတီတိ ရူပံ–ဖောက်ပြန် ပျက်စီးတတ်လို့ သူ့ကိုရုပ်၊ ပထဝီ အာပေါ တေဇော ဝါယော၊ ပထဝီဆိုတာ မြေဘဲ၊ အာပေါဆိုတာ အရည်ဘဲ၊ တေဇောဆိုတာ အပူဘဲ၊ ဝါယောဆိုတာ လေဘဲ။ သူတို့ကို အစွဲပြုပြီးတော့ ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ၊သူတို့အချင်းချင်းပေါင်း လိုက်တော့ အဋ္ဌကလာပ်ရုပ် ရှစ်ခု၊ ဝဏ္ဏဆိုတာ အဆင်းဘဲ၊ ဂန္ဓဆိုတာ အနံ့ဘဲ၊ ရသဆိုတာ အရသာဘဲ။ ဩဇာဆိုတာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အနှစ်၊ အားလုံးသူတို့ချင်း သဘောတူလို့ ပေါင်းလိုက်တော့ ရုပ်ဘဲ၊ ဟိုဘက်က အသိချင်းသဘောတူလို့ ပေါင်းလိုက်တော့ နာမ်ဘဲ၊ တစ်လောကလုံး သုံးဆယ့်တစ်ဘုံမှာ သက်ရှိတဲ့သတ္တဝါဟူဟူသမျှဟာ နာမ်ရုပ်ချည်းဘဲ၊ အဲသည်နာမ်ရုပ်ကို ခွေးလို့ ပညတ်လိုက်မယ်၊ ခွေးဆို ခွေးလို့ တကယ်ယူတာဘဲ၊ နာမ်ရုပ် ဘယ်သူမှမယူဘူး၊ သည်နာမ်ရုပ်ကို ဝက်လို့ ပညတ်လိုက်မယ်၊ ဝက်လို့ တကယ်ယူတာဘဲ၊ နာမ်ရုပ်လို့မယူဘူး၊ သည်နာမ်ရုပ်ကို ကြက်လို့ ပညတ်လိုက်မယ်၊ ကြက်လို့ တကယ်ယူတာဘဲ၊ နာမ်ရုပ်လို့ မယူဘူး၊ သည်နာမ်ရုပ်ကို ဆိတ်လို့ပညတ်လိုက်မယ်၊ ဆိတ်လို့ယူတာဘဲ၊ နာမ်ရုပ်လို့မယူဘူး၊ သည်နာမ်ရုပ်ကို သိုးလို့ပညတ်လိုက်မယ်၊ သိုးလို့တကယ်ယူတာဘဲ၊ နာမ်ရုပ်လို့မယူဘူး၊ သည်နာမ်ရုပ်ကို မြင်းလို့ ပညတ်လိုက်မယ်၊ မြင်းလို့တကယ်ယူတာဘဲ၊ နာမ်ရုပ်လို့ မယူဘူး၊ သည်နာမ်ရုပ်ကို ဆင်လို့ ပညတ်လိုက်မယ်၊ ဆင်လို့ တကယ်ယူတာဘဲ၊ နာမ်ရုပ်လို့မယူဘူး၊ သည်နာမ်ရုပ်ကို နွားလို့ ပညတ်လိုက်မယ်၊ နွားလို့တကယ်ယူတာဘဲ၊ နာမ်ရုပ်လို့ မယူဘူး၊ သည်နာမ်ရုပ်ကို ကျွဲလို့ ပညတ်လိုက်မယ်၊ ကျွဲလို့တကယ်ယူတာဘဲ၊ နာမ်ရုပ်လို့မည်သူမှမယူဘူး၊ ရှိတာကို မယူဘဲနဲ့ မရှိတာကိုအရှိလုပ်နေလို့ သည်ဘက်ကမ်း တစ်ကမ်းလုံးဟာ သက္ကာယဒိဋ္ဌိချည်းဘဲ၊ အဲဒီသက္ကာယဒိဋ္ဌိရှိနေသမျှ နာမ်ရုပ်ကို မထင်မမြင်နိုင်ဘူး၊ နာမ်ရုပ်ကို မထင်မမြင်သမျှ ဘယ်လိုဘဲ အားထုတ်ထုတ် မရနိုင်ဘူး။ ဘာကြောင့်တုံးဆိုတော့ သက္ကာယဒိဋ္ဌိက ရှိနေတာကိုး။ သက္ကာယဒိဋ္ဌိပျောက်သွားမှ နာမ်ရုပ်ကို ထင်မှာ၊ နာမ်ရုပ်ကိုထင်မှ သမ္မာဒိဋ္ဌိဖြစ်မှာ၊ သမ္မာဒိဋ္ဌိဖြစ်တော့ ဘာအကျိုးရှိတုံး။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သမ္မာဒိဋ္ဌိကဿ ဘိက္ခဝေ ဒွိန္နံ ဂတီနံ အညတရံ ဂတိပါတိကင်္ခ ဒေဝေါ ဝါ မနုဿော ဝါ။

သမ္မာဒိဋ္ဌိအယူရှိတဲ့သူရဲ့ လားရာဂတိနှစ်ပါးသာ ရှိတယ်။ ဒေဝေါ ဝါ၊ နတ်သော်လည်းကောင်း။ မနုဿော ဝါ၊ လူသော်လည်းကောင်း။ လူသော်လည်းကောင်း၊ နတ်သော် လည်းကောင်း ဖြစ်ရလိမ့်မယ်၊ အပါယ်လေးပါးတော့ မကျတော့ဘူး၊ နာမ်ရုပ်ကို ထင်အောင်မြင်အောင် ကြိုးစားကြစမ်းပါ၊ နာမ်ရုပ်ကိုထင်တယ်ဆိုတာလဲ ဘာဝနာမယဉာဏ်နဲ့ ထင်အောင် ပွားရမှာ၊ ဘယ်သောက်များ အားထုတ်ရမှာတုံးဆိုဘော့။

ပုရိမပစ္ဆိမယာမေသု နိရန္တရာ ဘာဝနာနုယောဂေါ ကာတဗ္ဗော။

ပုရိမပစ္ဆိမယာမေသု၊ ပုရိမယံ ပစ္ဆိမယံတို့၌။ နိရန္တရာ- ဘာဝနာနုယောဂေါ၊ အခြားမလပ် မရပ်မနား ပွားများ အားထုတ်ခြင်းကို။ ကာတဗ္ဗော၊ ပြုရမယ်။

မဇ္ဈိမယာမေသု၊ မဇ္ဈိမယံတို့၌။ ကာယဒရထဝူပသမန ထာယ သုပိနံ ကာတုံ အနုညာတံ၊ ကိုယ်လက်ပူပန်ပင်ပန်းခြင်း မှ ငြိမ်းအေးစေခြင်းအကျိုးငှာ ဘုရားက အိပ်ခွင့်ပြုတယ်၊ ညဉ့်သုံးယံ တစ်ယံသာလျှင် အိပ်ခွင့်ပြုတယ်၊ ကျန်တဲ့အချိန်တွေ- ဟာ တရစပ်အားထုတ်နေရမှာ၊ ဘာကြောင့် ဒီလောက်တောင် အားထုတ်နေရတာတုံးဆိုတော့ နာမ်ရုပ်ကို မထင်မမြင်နိုင်လို့ အားထုတ်ရတာ၊ နာမ်ရုပ်ကိုထင်လျှင်တော့ရတော့မှာကောန်ဘဲ၊ နာမ်ရုပ်ကိုထင်တယ်ဆိုတာလည်း လွယ်တော့မလွယ်ဘူး။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဥပမာနဲ့ပြောရမယ်၊ ဥပမာ–သစ်သားကို ယောကျ်ားရုပ်တစ်ရုပ်လုပ် မိန်းမရုပ်တစ်ရုပ်လုပ်၊ ယောကျ်ားရုပ်ကို ယောကျ်ားတို့ အဝတ်တန်ဆာဆင်၊ မိန်းမရုပ်ကို မိန်းမတို့ အဝတ်တန်ဆာဆင်၊ ဟိုခဲတစ်ပစ်လောက်မှာ သွားထား၊ ဟိုကဟာ လူဟုတ်ကဲ့လားလို့မေးမှာ၊မေးတာကိုဖြေရမှာ၊ဟိုကဟာ လူဟုတ်ရဲ့လား။ (လူမဟုတ်ပါဘုရား) လူမဟုတ်လျှင် ယောကျ်ားလား မိန်းမလား။ (ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်းမဟုတ်ပါဘုရား) အေး–အဲဒီလို သစ်သားရုပ်လို ဖြစ်သွားရမှာ၊သဏ္ဌာန်တွေပျောက်ကုန်တာ မဟုတ်ဘူးနော်။ အဲသည်လိုထင်လျှင်တော့ ရတော့မှာကေန်ဘဲ၊ ဒါကြောင့် သည်ဟာက နာမ်ဘဲ သည်ဟာကရုပ်ဘဲလို့ နာမ်နှင့်ရုပ်တခြားစီ ဖြစ်သွားအောင် ကြိုးစားကြစမ်းပါ၊ နာမ်နှင့်ရုပ်ကို တကယ် ထင်လျှင်တော့ ရတော့မှာကေန်ဘဲ။

## ဉာဏ်စဉ်များ

နာမရူပမတ္တဒသနေန အတ္တဒိဋ္ဌိံ ပဟာယ အနတ္တာနုပဿနာ မုခေနေဝ နိဗ္ဗိဒမာနေ၁ အနုပုဗ္ဗေန ဒုက္ခဿန္တကရော ဟောတိ။

ဒုက္ခကို မြင်ပြီးတော့ အတ္တပြုတ်ပြီးတော့ အနတ္တထင်လာတော့ ကိုယ့်ကိုယ်ကိုဘာမှမဟုတ်ပါလားလို့ ငြီးငွေ့လာတာကို နိဗ္ဗိဒဉာဏ်လို့ ခေါ်တယ်၊ နိဗ္ဗိဒဉာဏ်ရသည်နှင့် တစ်ပြိုင်တည်း ရှေ့ကို ဉာဏ်စဉ်အတိုင်း တက်သွားမယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နိဗ္ဗိဒဉာဏ်၊
မုဥ္စိတုကမျတာဉာဏ်၊
ပဋိသင်္ခါဉာဏ်၊
သင်္ခါရုပေက္ခာဉာဏ်၊
အနုလောမဉာဏ်၊
ဂေါတြဘူဉာဏ်၊
မဂ်ဉာဏ်၊

ပေဋကောပဒေသပါဠိ– (နှာ-၂၇၀ နှာ-၂၅၁)

မဂ်ဉာဏ်ကျတော့ ခက်တော့ခက်တယ်။ မဂ်ရတယ်ဆိုတာ လွယ်တော့မလွယ်ဘူး၊ မဂ်ရတယ်ဆိုတာ မသိမသာ မထင်မရှား မှုန်မှုန်မွှားမွှား အတွေးအတောနဲ့မြင်တာလား၊သည့်လို မဟုတ်ပါဘူး ( ဟတ္ထမဏိကံဝိယ ) လက်ဝါးပေါ်တင်ထား ပတ္တမြားကဲ့သို့ အလွန်ထင်ရှားပါတယ်။

ဥပမာ– မိုးကြီးကလဲသည်းထန်စွာ ရွာနေတယ်၊ မှောင်ကြီးကလည်း အတိကျနေတယ်၊ လက်ဝါးပေါ်မှာ ပတ္တမြားလေး တစ်လုံးတင်ထားမယ်၊ မြင်ရပါ့မလား(မမြင်ရပါဘုရား) ဘယ်လိုကြည့်ကြည့်မမြင်နိုင်ဘူးနော်၊ လျှပ်လက်လိုက်တဲ့အခါ မြင်ရပါ့မလား (မြင်ရပါတယ်ဘုရား) လျှပ်လက်ငြိမ်းတော့ မြင်ရသေးလား။ (မမြင်ရပါဘုရား)အေး– ပထမမဂ်ရသွားပြီ ဆက်ပြီးတော့ပွားနေ၊နောက်ဒုတိယတစ်ကြိမ် လျှပ်လက်လိုက်မယ်၊ မြင်ရပါ့မလား။ (မြင်ရပါတယ်ဘုရား) လျှပ်လက်ငြိမ်းတော့ မြင်ရသေးလား။ (မမြင်ရပါဘုရား) အေး– ဒုတိယမဂ်ရသွားပြီ။ ဆက်ပွားဦး၊ နောက်တတိယတစ်ကြိမ် လျှပ်လက်လိုက်မယ် မြင်ရလား။ (မြင်ရပါတယ်ဘုရား) လျှပ်လက်ငြိမ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တော့ မြင်ရသေးလား(မမြင်ရပါဘုရား)အေး– ဆက်ပြီးတော့ မှားနေ၊ နောက်တစ်ကြိမ် လျှပ်လက်လိုက်မယ်၊ မြင်ရသေး လား။ (မြင်ရပါတယ်ဘုရား) အေး– ဟိုဘက်ကျတော့ မဖုံး မကွယ်တော့ဘူး၊ တစ်လင်းထည်း လင်းသွားပြီ၊ အဲဒါ အရဟတ္တမဂ်ကို ရောက်သွားပြီး။ အရဟတ္တမဂ်ကို ရောက်လျှင် နိဗ္ဗာန်ရောက်သွားတာဘဲ။

## နိဗ္ဗာန်နှစ်မျိုး

နိဗ္ဗာန်ကလည်း နှစ်မျိုးရှိတယ်။

ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော ကတမာ ဒွေ သဉပါဒိသေသာ စ နိဗ္ဗာနဓာတု အနုပါဒိသေသာ စ နိဗ္ဗာနဓာတု။

သဉပါဒိသေသာ ဒိဋ္ဌဓမ္မိကာ အနုပါဒိသေသာ သမ္ပရာယိကာ။

သဉပါဒိသေသာ ဒိဋ္ဌဓမ္မိကာ။ အဲဒီ သဉပါဒိသေသနိဗ္ဗာန် မှာ အကုန်ရှိတယ်၊ သဉပါဒိသေသနိဗ္ဗာန်ရဲ့ အပိုင်းအခြား ဘုရားရဟန္တာဖြစ်သည်မှအစ ပရိနိဗ္ဗာန်မပြုမီ ကြားကာလမှာ လေးဆယ်နဲ့ငါးဝါပတ်လုံး ဘုရားသူတပည့်သားတွေနဲ့ သီတင်း သုံးနေတာ၊ အဲဒါ သဉပါဒိသေသနိဗ္ဗာန်ဘဲ။

အဲဒီနိဗ္ဗာန်မှာ ဘာတွေများရှိတုံးလို့ မေးလျှင် ဖြေတတ် ကြပါ့မလား။(မဖြေတတ်ပါဘုရား)။ အေး– သူတို့လက်ထက် မှာ အလွန်မွန်မြတ်တဲ့စားဖွယ်သောက်ဖွယ် အမယ်မယ် အမျိုး မျိုးတွေရှိတယ်၊ သူတို့လက်ထက်မှာ အလွန်နူးညံ့သိမ်မွေ့တဲ့ ပိုးဖဲကတ္တီပါ ကမ္ဗလာကော်ဇောအစရှိသော အဝတ်အရုံအခြုံ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အခင်းအမျိုးမျိုးတွေလဲရှိတယ်၊ သူတို့လက်ထက်မှာ အလွန်ကြီးကျယ် ခမ်းနားတဲ့ အဆောက်အအုံ ဘုံဗိမာန်ကြီးတွေလဲရှိတယ်၊ သူတို့လက်ထက်မှာ မြို့ကြီးပြကြီးတွေလည်း ရှိတယ်၊ ဒါလိုဆို လက်ခံနိုင်ကြပါ့မလား။ (မခံနိုင်ပါဘုရား)၊ ဘယ်ခံနိုင်ပါ့မတုံး။ ဟောစပြောစလဲမရှိ၊ ကြားစနာစလည်းမရှိတော့ မရှိဘူးလို့ဘဲဖြေမှာပဲ၊ ရှိတာတော့အမှန်ပဲ၊ ရှိတာဖြစ်လျှင် သိသာထင်ရှားအောင် တပည့်တော်တို့ကို ရှင်းပြပါဦးလို့ မေးလျှောက်စရာ အကြောင်းမရှိပေဘူးလား။ (ရှိပါတယ်ဘုရား) အေး– သူတို့လက်ထက်မှာ ဆွမ်းများကော မဘုဉ်းပေးရဘူးလား။ (ဘုဉ်းပေးရပါတယ်ဘုရား) ဘုဉ်းပေးရလို့ရှိလျှင် သူတို့လက်ထက်မှာ အလွန်မွန်မြတ်တဲ့ စားဖွယ်သောက်ဖွယ် အမယ်မယ် အမျိုးမျိုးတွေ မရှိနိုင်ဘူးလား။ (ရှိနိုင်ပါတယ်ဘုရား) ရှိနိုင်လျှင် လက်ခံရတော့မှာပဲ၊ သူတို့မှာ သင်္ကန်းများကော မဝတ်ရဘူးလား၊ (ဝတ်ရပါတယ်ဘုရား) ဝတ်ရလို့ရှိလျှင် သူတို့လက်ထက်မှာ အလွန်နူးညံ့သိမ်မွေ့တဲ့ ပိုးဖဲကတ္တီပါ ကမ္ဗလာ ကော်ဇော အစရှိသော အဝတ်အရုံအခြုံ အခင်းအမျိုးမျိုးတွေကော မရှိနိုင်ဘူးလား။ (ရှိနိုင်ပါတယ်ဘုရား) ရှိနိုင်လျှင် လက်ခံရတော့မှာပဲ၊ သူတို့လက်ထက်မှာ ကျောင်းတွေ ကန်တွေနဲ့ကော မနေရဘူးလား။ (နေရပါတယ်ဘုရား) နေရလို့ရှိလျှင် အဆောက်အအုံ ဘုံဗိမာန်ကြီးတွေကော မရှိနိုင်ဘူးလား။ (ရှိနိုင်ပါတယ်ဘုရား) ရှိနိုင်လျှင်လက်ခံရမှာပဲ၊ သူတို့မှာ မြို့ကြီးပြကြီးတွေထဲမှာ ဆွမ်းများမခံရဘူးလား။ (ခံရပါတယ်ဘုရား) ခံရလို့ရှိလျှင် မြို့ကြီးပြကြီးတွေကော မရှိနိုင်ဘူးလား။ (ရှိနိုင်ပါတယ်ဘုရား) အေး–သဥပါဒိသေသ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နိဗ္ဗာန်မှာ အကုန်ရှိနိုင်တယ်ဆိုတာ လက်ခံနိုင်ကြပြီလား။ (လက်ခံနိုင်ပါတယ်ဘုရား)

သဥပါဒိသေသ နိဗ္ဗာန်မှာ အကုန်ရှိနိုင်တယ်ဆိုတာ သိသာထင်ရှားအောင် ဣတိဝုတ်ပါဠိတော်နိဿယ နိဗ္ဗာနဓာတုသုတ် (နှာ ၅၄-၅၅)မှာ ဤကဲ့သို့ဟောတော်မူပါတယ်။

> တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ ယေသံ အဝိဃာတတ္တာ မနာပါမနာပံ ပစ္စနုဘောတိ၊ သုခဒုက္ခံ ပဋိသံဝေဒေတိ၊ တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ အယံ ဝုစ္စတိ ဘိက္ခဝေ သဥပါဒိသေသနိဗ္ဗာနဓာတု။

တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်၏။ တိဋ္ဌန္တေဝ၊ အသက်ထင်ရှား တည်စဉ်ပင်လျှင်။ ပဉ္စိန္ဒြိယာနိ၊ ငါးပါးကုန်သောဣန္ဒြေတို့သည်။ အဝိဃာတတ္တာ၊ မချုပ်သေးသည်၏အဖြစ်ကြောင့်။ မနာပါမနာပံ၊ နှစ်သက်ဖွယ်ရှိသောအာရုံ မနှစ်သက်ဖွယ်ရှိသော အာရုံတို့ကို။ ပစ္စနုဘောတိ၊ သုံးဆောင်ခံစား၏။ သုခဒုက္ခံ၊ ချမ်းသာဆင်းရဲကို။ ပဋိသံဝေဒေတိ၊ ခံစား၏။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ကုန်ခြင်းသည်။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ကုန်ခြင်းသည်။ ယော မောဟက္ခယော၊ အကြင်မောဟ၏ကုန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤရာဂ ဒေါသ မောဟ၏ ကုန်ခြင်းကိုပင်လျှင်။ သဥပါဒိသေသ နိဗ္ဗာနဓာတု၊ သဥပါဒိသေသနိဗ္ဗာနဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရက ဒေါသ မောဟကတော့ မရှိတော့ဘူး။ ကျန်တာ အကုန်ရှိနိုင်တယ်ဆိုတာ သဘောပေါက်ကြပြီလား။ (ပေါက်ပါတယ်ဘုရား)။ သည့်ထက် ကြီးကျယ်ခမ်းနားတာ ဟောဦးမယ်။ ငါ့ဘုရားရှင် တာဝတိံသာနတ်ပြည်မှာ ဝါဆိုတော်မူတော့ လူ့ပြည်မှာရှိကြတဲ့ တပည့်သာဝက ဒကာ ဒကာမတွေဟာ ဘုရားရှင်ကို နေ့စဉ်နေ့တိုင်း ဖူးမြော်နေရသော်လည်း အားရတင်းတိမ်တယ်မရှိဘဲ တစ်မျှော်တည်း မျှော်နေကြတာပေါ့။ ဘုရားရှင် ဘယ်တော့များ ပြန်ကြွလာပါ့မတုံး ဘုရားဘယ်နေ့များ ပြန်ကြွလာပါ့မလဲနဲ့ ဟိုမေးဒီမေးနဲ့ မေးတော့ တစ်ယောက်ကဖြင့်လည်း မသိဘူး၊ တစ်ယောက်ဖြင့် ဝါလည်းမသိဘူး၊ အရှင်မောဂ္ဂလ္လာန်မေးမှသိမှာ၊ အရှင်မောဂ္ဂလ္လာန်က ဒီလိုဆို ငါ့ဘုရားထံ သွားလျှောက်မယ်ဆိုပြီး အရှင်မောဂ္ဂလ္လာန်က ဘုရားရှိရာ တာဝတိံသာနတ်ပြည်သို့ တက်လျှောက်တာပေါ့၊ "အရှင်ဘုရား လူ့ပြည်မှာရှိကြတဲ့ တပည့်သာဝက ဒကာ ဒကာမတွေက ဘုရားရှင်ကို မဖူးမြော်ရတာကြာလို့ ဘယ်တော့မှ ပြန်ကြွလာပါမတုံး၊ တတင်းတဟာနဲ့ အင်မတန်မှ ဖူးမြော်ချင်လှပါတယ်၊ အင်မတန်မှ ကြည်ညိုချင်လှပါတယ်ဘုရား" လို့ လျှောက်ထားတော့ "ကောင်းပြီ၊ ငါဘုရား သီတင်းကျွတ်လပြည့် ပဝါရဏာနေ့မှာ တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ် ပြည်ထောင်တံခါးသို့ ငါဘုရား ဆင်းသက်တော်မူမယ်" ဆိုတော့ အရှင်မောဂ္ဂလ္လာန်ကနတ်ပြည်ကဆင်းလာပြီး "ဘုရား သီတင်းကျွတ်လပြည့်နေ့တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်တော် မူမယ်" တဲ့ဆိုတော့ ကောင်းကင်မှာလည်း နတ်တွေဗြဟ္မာတွေ အပြည့်အနှက်ပဲ လူ့ပြည်မှာလည်း ဘုရားကြွလာတာကို စောင့်ကြိုနေလိုက်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တာ လူထုကြီးဟာ သုံးဆယ်နဲ့ ခြောက်ယူဇနာရှိတယ်၊ ဒါနဲ့ ဘု ရား ရှင် က သီ တင်း ကျွတ် လ ပြည့် နေ့ ရောက် တော့ တာဝတိံသာနတ်ပြည်မှ နေ၍ သင်္ကာဿနဂိုရ်ပြည်ထောင် တံခါးသို့ ဘုရားရှင်၏ တန်ခိုးတော်နဲ့ ရွှေစောင်းတန်း ငွေစောင်းတန်း ပတ္တမြားစောင်းတန်းတို့မှ နေ၍ တန်ခိုး တော်ဖြင့် ဆင်းသက်တော်မူလာတဲ့အခါ လူတွေ နတ်တွေ ဗြဟ္မာတွေဟာ ဘုရားရှင်၏ တန်ခိုးတော်ဖြင့် ကောင်းကင်မှာ အကုန်မြင်သတဲ့။ ဘအိုတသြကြီး မျက်တောင်မခတ်ဘဲ ကြည်ညိုလို့မဆုံး ဖူးမြော်လို့မဆုံး အံ့သြလို့မဆုံးဖြစ်ပြီးတော့ အဲသည် သုံးဆယ်နဲ့ ခြောက်ယူဇနာ အဝန်းအဝိုင်းရှိတဲ့ လူထုကြီးဟာ ဘုရားဆုမတောင်းတဲ့သူ တစ်ယောက်မှ မရှိဘူးတဲ့၊ နိဗ္ဗာန်ထက် ကြီးကျယ်ခမ်းနားတာရှိပါဦးမလား၊ နိဗ္ဗာန်ထက် ထွန်းလင်း တောက်ပတာ ရှိပါဦးမလား၊ နိဗ္ဗာန်ထက် မှန်မြတ်တာ ကောင်းတာ ရှိပါဦးမလား အဲဒါ ဆဥပါဒိသေသနိဗ္ဗာန်မှာ အကုန်ရှိနိုင်တယ်ဆိုတာ လက်ခံ နိုင်ကြပြီလား။ (လက်ခံနိုင်ကြပါပြီဘုရား)။

အနုပါဒိသေသသမ္ဗရာယိကာ။

ဟိုဘက်ရောက်သွားပြီ၊ ဘာရှိတုံး မေးဦးမှာပဲ။ သည် နိဗ္ဗာန်မှာလည်း ရှိတယ်၊ ရှိတဲ့အကြောင်း ဘုရားရှင် အစဥ် အတိုင်း ဟောတော်မူတယ်၊ ခန္ဓာငါးပါး၊ အာယတနတစ်ဆယ့် နှစ်ပါး၊ ဓာတ် တစ်ဆယ့်ရှစ်ပါး၊ သစ္စာလေးပါး၊ သည်လို အစဥ်အတိုင်း ဟောတော်မူတယ်၊ ခန္ဓာငါးပါးကတော့ မရှိ တော့ဘူး၊ အာယတနတစ်ဆယ့်နှစ်ပါးရှိသည့်အနက် က ခန္ဓာ ထိုက်တဲ့ အာယတနတစ်ဆယ့်တစ်ပါး မရှိတော့ဘူး၊ ခန္ဓာထဲ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပါသွားပြီ၊ ခန္ဓာမထိုက်တဲ့ မမ္မာယတနဆိုတာရှိတယ်၊ ခေတ် တစ်ဆယ့်ရှစ်ပါးရှိသည့်အနက်က ခန္ဓာထိုက်တဲ့ ဓာတ် တစ်ဆယ့်ခုနစ်ပါးမရှိတော့ဘူး၊ ခန္ဓာထဲပါသွားပြီ၊ ခန္ဓာမထိုက်တဲ့ ဓမ္မဓာတ်ဆိုတာရှိတယ်၊ သစ္စာလေးပါးရှိသည့်အနက်က ခန္ဓာ ထိုက်တဲ့ သစ္စာသုံးပါးမရှိဘူး၊ ခန္ဓာထဲပါသွားပြီ၊ ခန္ဓာမထိုက် တဲ့ သစ္စာတစ်ပါးကျန်နေတယ်၊အဲဒါ ဘယ်သစ္စာလဲ၊ (နိရောဓ သစ္စာပါဘုရား) အေး-အဲဒီ အနုပါဒိသေသနိဗ္ဗာန်မှာ နပြော တဲ့ ဓမ္မာယတန ဓမ္မဓာတ် နိရောဓသစ္စာရှိတယ်လို့ ပြောရ ဟော ရမှာဘဲ။

နိဗ္ဗာန်နှစ်မျိုးလုံးဟာ ဘုရားရှင်က ရှိတယ်လို့ ဟောထား တာ ရှိရမှာဘဲ၊ မရှိဘူးဆိုလျှင် ဘုရားကို စွပ်စွဲတာဘဲ၊ အားး လုံး သဘောပေါက် လက်ခံနိုင်ကြပြီလား။ (ခံနိုင်ပါတယ် ဘုရား) နိဗ္ဗာန်ရောက်သွားပြီ၊ နိဗ္ဗာန်ရောက်လျှင် ဟိုဘက် ကို ဟောစရာမရှိတော့ဘူး၊ တော်ကြသေးရောပေါ့။

ဣတိဝုတ်ပါဠိတော် နိဗ္ဗာနဓာတုသုတ် (နှာ-၂၂၀)

ဤကဲ့သို့ နိဗ္ဗာန်ရောက်အောင် ဟောကြားတော်မူခဲ့သော ကျေးဇူးရှင်ဘုန်းတော်ကြီး တောင်ပုလုတောရ ကမ္ဘာ့အေးဆရာ တော် ဘုရားကြီးသည် ၁၃၂၈-ခုနှစ် ကဆုန်လဆုတ်(၆)ရက်(၂၉-၅-၆၆) ကြာသပတေးနေ့ ည (၇)နာရီအချိန်တွင် [illegible] တောကျောင်း[illegible] ၌ [illegible] မှ ရှောက်ရှိ၍ [illegible] လေး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထေ၀င်ကျော်တို့အား နောက်ဆုံး ဟောကြားတော်မူခဲ့သော နိဗ္ဗာန်ရောက်ကြောင်း တရားတော်။

ဦးဇောဂရ
တောင်ပုလုတောရ
ရေလည်ကျွန်း

၁၆၀—ပ-မ-သာ-စာ—၁-၁၂၈၆—၂၀၀၀(၂)။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)